# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၇/၂၀၀၃)

၁၃၆၅ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေတွင် —

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) ၌ ပါရှိသော "ကိုယ်စားလှယ်တစ်ဦးကျစီ၊ ပေါင်း (၁၄) ဦး" ဆိုသည့် စကားရပ်ကို "ကိုယ်စားလှယ် တစ်ဦးကျစီ၊ ပေါင်း (၁၆) ဦး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၉ ၌ ပါရှိသော "အမှုဆောင်အဖွဲ့ဝင် သုံးဦး" ဆိုသည့် စကားရပ်ကို "အမှုဆောင်အဖွဲ့ဝင် ၇ ဦး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ) ၌ ပါရှိသော "အဖွဲ့ဝင် ၅ ဦး" ဆိုသည့် စကားရပ်ကို "အဖွဲ့ဝင် ၇ ဦး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ